# Monywa People Defence Force - MPDF

## မုံရွာခရိုင် တပ်ရင်း (၁)

### ဒီဇင်ဘာလအတွင်း တိုက်ပွဲသတင်းများ ထုတ်ပြန်ကြေညာချက်

**၁၃.၁၂.၂၀၂၁**

မုံရွာခရိုင် တပ်ရင်း (၁) ကနီတပ်ခွဲ နှင့် မဟာမိတ်တပ်ပေါင်းစုများ အကြမ်းဖက်စစ်ကောင်စီ ရေယာဉ်အုပ်စုကို ပူးပေါင်းတိုက်ခိုက်ခဲ့ကြပါသည်။ အကြမ်းဖက် စကစ ဘက်မှ (၁၀) ဦးထက်မနည်း သေဆုံးခဲ့ပါသည်။

**၂၂.၁၂.၂၀၁**

မုံရွာခရိုင်တပ်ရင်း (၁) သံမဏိတပ်ခွဲ နှင့် ညီနောင်မဟာမိတ်တပ်များ ယင်းမာပင်မြို့နယ် ရွှေဂူတောင် တိုက်ပွဲတွင် စစ်ကောင်စီဘက်မှ တပ်ရင်းမှူးအပါအဝင် (၁၂) ယောက်သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

**၂၈.၁၂.၂၀၂၁**

မုံရွာခရိုင်တပ်ရင်း (၁) သံမဏိတပ်ခွဲသည် နဂါးမတောင် အနီးတိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ပါသည်။ စကစဘက်မှ အထိအခိုက် အကျအဆုံးများ ရှိခဲ့ပါသည်။ အရေအတွက် အတိအကျ မသိရပါ။

**၁၇.၁၂.၂၀၂၁**

မုံရွာခရိုင်တပ်ရင်း (၁) အောင်ဆန်းတပ်ဖွဲ့ နှင့် မဟာမိတ်များ စစ်ကောင်စီယာဉ်တန်းအား မိုင်းခွဲတိုက်ခိုက်ပြီး အပြန်အလှန် ပစ်ခတ်ခဲ့ကြပါသည်။ အဆိုပါတိုက်ပွဲတွင် စစ်ကောင်စီဘက်မှ (၁၀) ဦးထက် မနည်း သေဆုံးခဲ့ပါသည်။

**၂၉.၁၂.၂၀၂၁**

မုံရွာခရိုင်တပ်ရင်း (၁) အောင်ဆန်းတပ်ဖွဲ့ နှင့် မဟာမိတ်တပ်ဖွဲ့များ သည် ပုလဲမြို့နယ် ကန်ဒေါင့်ရဲစခန်း နှင့် ဂန့်ဂေါမှ ကန်ဒေါင့်သို့ ဆင်းလာသော စစ်ကောင်စီ ယာဉ်တန်းအား နည်းပညာသုံးကာ ဝေဟင်မှ တိုက်ခိုက်မှု (၅) ကြိမ် ပြုလုပ်ခဲ့ပါသည်။ စစ်ကောင်စီ ဘက်မှ အထိအခိုက် အကျအဆုံး များပြားနိုင်ပြီး အရေအတွက် အတိအကျ မသိရပါ။

**၃၀.၁၂.၂၀၂၁**

မုံရွာခရိုင်တပ်ရင်း (၁) အောင်ဆန်းတပ်ဖွဲ့ နှင့် မဟာမိတ်တပ်ဖွဲ့များ သည် ပုလဲမြို့နယ် ကန်ဒေါင့်ရဲစခန်းမှ စစ်ကောင်စီ တပ်သားများကို ကန်ဒေါင့်ရွာ အနောက်ဘက် သစ်တောရုံးအနီးအနား နှင့် ဂန့်ဂေါမှ ကန်ဒေါင့်သို့ ဆင်းလားသော စစ်ကောင်စီယာဉ်တန်းအား နည်းပညာသုံးကာ  ဝေဟင်မှ တိုက်ခိုက်မှု (၃) ကြိမ် ပြုလုပ်ခဲ့ပါသည်။ စကစဘက်မှ  (၃) ဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရခဲ့ပါသည်။

**၃၁.၁၂.၂၀၂၁**

မုံရွာခရိုင်တပ်ရင်း (၁) အောင်ဆန်းတပ်ဖွဲ့ နှင့် မဟာမိတ်တပ်ဖွဲ့များ သည် ပုလဲမြို့နယ် ကန်ဒေါင့်ရဲစခန်း မှ ထွက်ခွာလာသော စစ်ကောင်စီ ယာဉ်တန်းအား  နည်းပညာသုံးကာ  ဝေဟင်မှ တိုက်ခိုက်မှု (၆) ကြိမ် ပြုလုပ်ခဲ့ပါသည်။ စစ်ကောင်စီတပ်သား (၁၆) ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရခဲ့ပါသည်။

လေးစားမှုဖြင့်
Monywa People Defence Force - MPDF



Facebook Page Scan Code
Signal & Viber No; +959969039140